# ချင်းလူ့ အခွင့်အရေးအဖွဲ့

P.O. Box 202, Phrasing Post Office, Chiang Mai, Thailand 50205

www.chro.ca info@chro.ca


၂၀၁၅ ခုနှစ်၊ ဇွန်လ (၁၅) ရက်

## ရှင်းလင်းချက်စာတမ်း -
## ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တွင်ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခ


### အကျဉ်းချုပ်

မတ်လမှ စတင်ပြီး မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (Arakan Armay) တို့၏ ဆိုးရွားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)အား ချိုးဖောက်မှုများကို CHRO အဖွဲ့မှ မှတ်တမ်းတင်ခဲ့ပါသည်။ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝတွင် တပ်မတော်နှစ်ခုအကြားဖြစ်ပွားသည့် ပစ်ခတ်မှုကြောင့် ခူမီချင်းဌာနတိုင်းရင်းသားရပ်ရွာတစ်ခုလုံး အသက်လုထွက်ပြေးခဲ့ရပြီး လူပေါင်း ၃၅၀ ကျော် နိုင်ငံတွင်းရွှေ့ ပြောင်းဒုက္ခသည် (IDPs)များ ဖြစ်ခဲ့ကြသည်။

မတ်လ အစောပိုင်းတွင် ကလေးစစ်သားစုဆောင်းမှုနှင့် ရခိုင်ပြည်နယ်၊ စစ်တွေရှိ မြန်မာ့တပ်မတော် ခြေလျင်တပ်ရင်း ၂၀ မှ အရာခံဗိုလ်မှ ဖိအားပေး တပ်သားစုဆောင်မှု တစ်ခုတို့ ကို မှတ်တမ်းတင်ခဲ့သည်။ နယ်ပယ်အတွင်း တပ်များလှုပ်ရှားမှု ပိုမိုများပြားလာကြောင်း ဒေသခံများထံမှ သတင်းရရှိပါသည်။

မတ်လ ၂၈ရက်တွင် အပစ်အခတ်ရပ်စဲရေးလက်မှတ်မရေးထိုးထားသည့် ရက္ခိုင့်တပ်မတော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် မြန်မာ့တပ်မတော်တို့ ချင်းပြည်နယ်တောင်ပိုင်းပလက်ဝမြို့နယ်အတွင်းရှိပြီး ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး ပျဉ်စိုရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ပျဉ်စိုရွာမှ ခူမီးချင်း ဌာနေတိုင်းရင်းသားများအား နှစ်ကြိမ်ဖမ်းဆီးခဲ့ရာ စုစုပေါင်း ၁၆ ယောက်အား ရက္ခိုင့်တပ်မတော်မှ အကြောင်းမဲ့ချုပ်နှောင်ဖမ်းဆီးခဲ့သည်။ ထိုအထဲမှ ခြောက်ယောက်မှာ ချုပ်နှောင်ထားရာတွင် နှိပ်စက်ညှင်းပန်းမှုများရှိခဲ့ပြီး ၁၀ဦးမှာ ရက္ခိုင့်တပ်မတော်အတွက် အထုပ်အပိုးများသယ်ပိုးရန် အတင်းအကျပ်ခိုင်းစေခြင်းခံခဲ့ရသည်။ ပစ်ခတ်တိုက်ပွဲအတွင်းတွင် မြန်မာ့ တပ်မတော်ဘက်မှ ဗိုလ်ကြီးတစ်ဦးသေဆုံးခဲ့ပြီး ၎င်း၏ အလောင်းအား မြှုပ်နှံရန် ပျဉ်စိုရွာသားများကို ခိုင်းစေခဲ့သည်။ ပျဉ်စိုရွာသားတစ်ဦးမှာလည်းပျောက်နေခဲ့ပြီး ယင်း ရက္ခိုင့်တပ်မတော်မှ အထုပ်သယ်ပိုးရန် (သို့)လမ်းပြရန် ခေါ်ဆောင်သွားခြင်းဖြစ်နိုင်ပြီး၊ သို့မဟုတ် သတ်ဖြတ်ခဲ့ခြင်းလည်းဖြစ်နိုင်သည်။ မြန်မာနှင့် ရက္ခိုင့်တပ်မတော်နှစ်ခုစလုံးမှ ရွာတဝိုက်တွင် မြေမြှုပ်မိုင်းများထောင်ထားကြောင်း သိရသည်။

နိုင်ငံတွင်းရွှေ့ပြောင်း ဒုက္ခသည် ၃၅၀ ကျော်သည် ပလက်ဝမြို့နယ် လောင်တင်ရွာတွင် ခိုလှုံနေကြပြီး လူသားချင်းစာနာမှုအထောက်အပံ့များ အရေးတကြီးလိုအပ်လျက်ရှိသည်။ တစ်လလုံးစာအတွက် အစားသောက်လုံလောက်စွာမရှိတော့ဘဲ မုတ်သုံရာသီမှာ အလျင်အမြန်ရောက်ရှိလာပြီဖြစ်သည်။ ဒေသတွင်း မြန်မာ့တပ်မတော် တပ်ရင်းမှူး၊ ပလက်ဝမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ချင်းပြည်နယ် သစ်တောနှင့် သတ္တုတွင်းလုပ်ငန်းဝန်ကြီးတို့က ဒုက္ခသည်များအား ပျဉ်စိုရွာသို့ပြန်သွားရန် ဖိအားခံစားရစေသည်။ ထိုသို့ပြန်သွားရန်မှာ ၎င်းတို့အတွက်ဘေးအန္တရာယ်စိုးရိမ်ရပြီး ထိုသို့ပြုလုပ်ခြင်းမှာ နိုင်ငံတွင်းရွှေ့ပြောင်းဒုက္ခသည်ဆိုင်ရာ ကုလသမဂ္ဂစည်းမျဉ်းများနှင့် ဆန့်ကျင်လျက်ရှိသည်။

**မြန်မာ့ အာဏာပိုင်များသို့ တိုက်တွန်းချက်**

၁။ ရွှေ့ပြောင်းဒုက္ခသည်များအား ဖိအားပေးခြင်းကိုရပ်တန့်ပြီး သူတို့၏ ဘေးကင်းကင်း သိက္ခာရှိရှိအိမ်ပြန်ခွင့်ကို လေးစားပါ။ ပျဉ်စိုရွာတစ်ဝိုက်ရှိ မြေမြှုပ်မိုင်းများပြည့်နေသောဧရိယာများကို သတ်မှတ်ပြီး၊ မိုင်းများကိုရှင်းလင်းပေးပါ။ မိမိတို့ဆန္ဒအလျောက် ဘေးကင်းကင်း သိက္ခာရှိရှိအိမ်ပြန်နိုင်ရေး၊ သို့မဟုတ် အခြားတစ်နေရာတွင် ပြန်လည်အခြေချခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းတို့အတွက် လွတ်လပ်စွာကြိုတင်အသိပေးသဘောထားရယူခြင်းနှင့် နိုင်ငံတွင်းရွှေ့ပြောင်း ဒုက္ခသည်ဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန် စည်းမျဉ်းများနှင့် အညီ ကောင်းမွန်သည့်ဖြေရှင်းနည်းများရနိုင်ရေးအတွက် ပျဉ်စိုရပ်ရွာလူထုနှင့် အဓိပ္ပါယ်ပြည့်ဝပြီး အများပါဝင်ဆောင်ရွက်နိုင်သည့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ပါ။

၂။ နိုင်ငံတွင်းရွှေ့ ပြောင်း ဒုက္ခသည်များနှင့် နှောင့်နှေးမှုမရှိဘဲ ထိတွေ့ခွင့်ပေးနိုင်ရန် ကုလအေဂျင်စီများ၊ INGOများ၊ CSOများ နှင့် ပူးပေါင်းဆောင်ရွက်ပါ။လတ်တလောလိုအပ်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ထောက်ပံ့ပေးပါ။

၃။ လူကိုထိခိုက်စေသော မြေမြှုပ်မိုင်းများကိုအသုံးပြုခြင်းနှင့် ကလေးစစ်သားစုဆောင်းအသုံးပြုခြင်းများပါဝင်သည့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဥပဒေကို မြန်မာ့တပ်မတော်မှ ချိုးဖောက်နေမှုများကို ရပ်တန့်နိုင်ရန်တိကျခိုင်မာသည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပါ။

၄။ ပျောက်ဆုံးနေသော လိန်းမင်း (ခ) လိန်းမန်းကို ပလက်ဝမြို့နယ်ရဲစခန်းမှ စတင်ရှာဖွေမှုပြုလုပ်ပါ။ ရက္ခိုင့်တပ်မတော်အဖွဲ့ဝင်များမှ ဖမ်းဆီးသွားခြင်းကို စုံစမ်းထောက်လှမ်းပါ။

၅။ ချင်းပြည်နယ်ရှိ လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံ၏အခြားနေရာများတွင် အဖွဲ့အစည်းအားလုံး၏ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဥပဒေ ချိုးဖောက်မှုများကို စုံစမ်းနိုင်ရန် လွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုခုနှင့် ပြည့်ပြည့်ဝဝပူးပေါင်းဆောင်ရွက်ပါ။

၆။ ကလေးသူငယ်များအခွင့်အရေး ကြေငြာစာတမ်းပါ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်ခြင်းဆိုင်ရာ အထူးကျင့်ဝတ် (Optional Protocol)နှင့် လူကိုအဓိကထိခိုက်စေသည့် မြေမြှုပ်မိုင်းများအသုံးပြုခြင်း၊ သိုလှောင်ထားခြင်း၊

ထုတ်လုပ်ခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် ၎င်းတို့၏ ဖျက်ဆီးမှုများဆိုင်ရာပဋိညာဉ်စာတမ်းတို့ကိုအသိအမှတ်ပြုလက်မှတ်ထိုး အကောင်အထည်ဖော်ပါ။

၇။ လွတ်လပ်၍ ဘက်လိုက်မှုကင်းစွာနှင့် ထိရောက်စွာ လုပ်ကိုင်နိုင်စေရန် အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံတော်အဆင့်လူ့အခွင့်ရေးအဖွဲ့အစည်းများဆိုင်ရာ ပါရီစည်းမျဉ်းများ( Paris Principles) နှင့် ကိုက်ညီစေရန် တည်ဆဲဥပဒေကို ပြုပြင်ပါ။

**မြန်မာနိုင်ငံအမျိုးသားလူ့ အခွင့်အရေးကော်မရှင်သို့ တိုက်တွန်းချက်**

၁။ လိန်းမင်း (ခ) လိန်းမန်း၏ အခြေအနေကို သေချာစွာသိရရန် ကြက်ခြေနီနိုင်ငံတကာ ကော်မတီမှ ပြုစုထားသည့် အကောင်းဆုံးနည်းနာများနှင့်လျော်ညီစွာ လွတ်လတ်၍ ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုတစ်ခုကို ချက်ချင်းလုပ်ဆောင်ပါ။ ကျူးလွန်သူများကို အရပ်ဘက် တရားရုံးတွင် စစ်ဆေးနိုင်ရန် လုပ်ဆောင်ပါ။ သိရှိခွင့်ရှိသည့် နိုင်ငံတကာအခွင့်အရေးနှင့်ကိုက်ညီစွာ စုံစမ်းမှုတစ်လျှောက်လုံးတွင် သူ၏ မိသားစုအား သတင်းပေးပါ။

၂။ လွတ်လပ်၍ ဘက်လိုက်မှုကင်းစွာနှင့် ထိရောက်စွာ လုပ်ကိုင်နိုင်စေရန် အမျိုးသားလူ ့အခွင့်အရေးကော်မရှင်ကို နိုင်ငံတော်အဆင့်လူ ့အခွင့်ရေးအဖွဲ ့အစည်းများဆိုင်ရာ ပါရီစည်းမျဉ်းများ( Paris Principles) နှင့် ကိုက်ညီစေရန် တည်ဆဲဥပဒေ ပြင်ဆင်ချက်များကို ထောက်ခံပါ။

၃။ ချင်းပြည်နယ်ရှိ လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံ၏ အခြားနေရာများတွင် အဖွဲ ့အစည်းအားလုံး၏ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဥပဒေ ချိုးဖောက်မှုများကို စုံစမ်းနိုင်ရန် လွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံတကာအဖွဲ့ အစည်းတစ်ခုနှင့် အကူအညီပေး ပူးပေါင်းဆောင်ရွက်ပါ။

**ရခိုင်တပ်မတော်သို တိုက်တွန်းချက်**

၁။ လူကို အဓိက ထိခိုက်စေနိုင်သောမြေမြှုပ်မိုင်းများကိုအသုံးပြုခြင်း၊ အကြောင်းမဲ့ဖမ်းဆီးခြင်း၊ အတင်းအကျပ်ခိုင်းစေခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ကောင်းမွန်စွာမဆက်ဆံခြင်း၊ ဖိအားပေးဖျောက်ဖျက်ထားခြင်း စသည်တို့ပါဝင်သည့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဥပဒေ ချိုးဖောက်မှုများကို စုံစမ်းပါ။ ချိုးဖောက်သူများသည် မည်သည့်ရာထူး အဆင့်အတန်းရှိသည်ဖြစ်စေ အရပ်ဘက်တရားရုံးတွင် အတိအလင်းစစ်ဆေးစေပါ။ ပျဉ်စိုရပ်ရွာလူထုအတွက် ပြည့်ပြည့်ဝဝ ပေးလျော်ပါ။

၂။လိန်းမင်း (ခ) လိန်းမန်း၏ အခြေအနေကိုသိရရန် စုံစမ်းစစ်ဆေးနေသည့်အဖွဲ့များသို့ ရတတ်သမျှအချက်အလက်များကိပေးအပ်ခြင်းစသည့် စုံစမ်းစစ်ဆေးမှုများအားလုံးကို ပူးပေါင်းဆောင်ရွက်ပါ။

၃။ လူကိုအဓိက ထိခိုက်စေနိုင်သော မြေမြှုပ်မိုင်းများကို အသုံးပြုမှုအား ရပ်တန့်ပါ။ လူကိုထိခိုက်စေနိုင်သည့် မြေမြှုပ်မိုင်းများကို ပိတ်ပင်ခြင်း ပါဝင်သည့် ဂျနီဗာနိုးဆော်သံ ကတိကဝတ်မှတ်တမ်း (Geneva Call deeds of commitment) ကို လက်မှတ်ရေးထိုး၊ အကောင်အထည်ဖော်ပါ။

၄။ ချင်းပြည်နယ်ရှိ လက်နက်ကိုင် ပဋိပက္ခနှင့် နိုင်ငံ၏ အခြားနေရာများတွင် အဖွဲ့အစည်းအားလုံး၏ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဥပဒေ ချိုးဖောက်မှုများကို စုံစမ်းနိုင်ရန် လွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုနှင့် အကူအညီပေး ပူးပေါင်းဆောင်ရွက်ပါ။

**(OCHA, UNICEF, UNHCR, UNDP, WFP) ကုလသမဂ္ဂ အဖွဲ့အစည်းများသို့ တိုက်တွန်းချက်**

၁။ နိုင်ငံတွင်းရွှေ့ပြောင်း ဒုက္ခသည်များနှင့် နှောင့်နှေးမှုမရှိဘဲ ထိတွေ့ခွင့်ပေးရေးနှင့် ရွှေ့ပြောင်းဒုက္ခသည်များ၏ ဘေးကင်းကင်း သိက္ခာရှိရှိအိမ်ပြန်ခွင့်ကို လေးစားရန် အာဏာပိုင်များအား ဆက်လက်ဖိအားပေးပါ။

၂။ အာဏာပိုင်နှင့် အခြားလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူများမှ သွားရောက်ကြည့်ရှုခြင်း၊ ဆေးပစ္စည်း၊ အစားအသောက်ထောက်ပံ့ခြင်း၊ အိမ်သာများ၊နှင့် ဆောက်လုပ်ရေးပစ္စည်းများ စသည်တို့ ပါဝင်သည့်အရေးတကြီးလိုအပ်နေသောလူသားခြင်းစာနာထောက်ထားမှုအကူအညီများကို ဖြည့်ဆည်းပေးပါ။

၃။ ရွှေ့ပြောင်းရပ်ရွာလူထု၏ ရေရှည်လိုအပ်ချက်များကို သုံးသပ်ပြီး အထူးသဖြင့် ပြန်လည်ထူထောင်ရေး၊ အသက်ရှင်ရပ်တည်ရေး၊ ပညာရေးတို့နှင့် ပတ်သက်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးရေးအဖွဲ့၊ ဌာနေတိုင်းရင်းသားများအရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ သင့်တော်သော အစီအစဉ်များပြုလုပ်ပါ။

**နိုင်ငံတကာအသိုင်းအဝိုင်းသို့ တိုက်တွန်းချက်**

- မြန်မာ့ အာဏာပိုင်များသို့ ဖိအားပေးရန်အချက်များ

ရွှေ့ပြောင်းဒုက္ခသည်များအား ဖိအားပေးခြင်းကို ရပ်တန့်ပြီး သူတို့၏ ဘေးကင်းကင်း သိက္ခာရှိရှိအိမ်ပြန်ခွင့်ကို လေးစားရန်၊ ပျဉ်စိုရွာတစ်ပိုက်ရှိ မြေမြှုပ်မိုင်းများပြည့်နေသောဧရိယာများကို သတ်မှတ်ပြီး၊ မိုင်းများကိုရှင်းလင်းပေးရန်၊ မိမိတို့ဆန္ဒအလျောက် ဘေးကင်းကင်း သိက္ခာရှိရှိအိမ်ပြန်နိုင်ရေး၊ အခြားတစ်နေရာတွင် ပြန်လည်အခြေချနေထိုင်ရေး တို့အတွက် လွတ်လပ်စွာကြိုတင်အသိပေးသဘောထားရယူခြင်းနှင့် နိုင်ငံတွင်းရွှေ့ပြောင်း ဒုက္ခသည်ဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန် စည်းမျဉ်းများနှင့် အညီ ကောင်းမွန်သည့်ဖြေရှင်းနည်းများရနိုင်ရေးအတွက် ပျဉ်စိုရပ်ရွာလူထုနှင့် အဓိပ္ပါယ်ပြည့်ဝပြီး အများပါဝင်ဆောင်ရွက်နိုင်သည့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရန် အတွက်ဖိအားပေးပါ။

- နိုင်ငံတွင်းရွှေ့ ပြောင်း ဒုက္ခသည်များနှင့် နှောင့်နှေးမှုမရှိဘဲ ထိတွေ့ ခွင့်ပေးနိုင်ရန် ကုလအေဂျင်စီများ၊ INGOများ၊ CSOများ နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ လတ်တလောလိုအပ်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ထောက်ပံ့ ပေးရန် ဖိအားပေးပါ။

(က) ရွှေ့ပြောင်းဒုက္ခသည်များအတွက် ယခုလတ်တလောနှင့် ရေရှည်အထောက်အပံ့များ ဖြည့်ဆည်းနိုင်ရန်အတွက် ကုလအေဂျင်စီများသို့ လိုအပ်သော ငွေကြေးအထောက်အပံ့ပေးပါ။

(ခ) ချင်းပြည်နယ်ရှိ လက်နက်ကိုင် ပဋိပက္ခနှင့် နိုင်ငံ၏ အခြားနေရာများတွင် အဖွဲ့အစည်းအားလုံး၏ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဥပဒေ ချိုးဖောက်မှုများကို စုံစမ်းနိုင်ရန် လွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုကို အတိအလင်း ထောက်ခံပါ။

## မှတ်တမ်းပြုစုသည့်နည်းလမ်း

ချင်းပြည်နယ်သည် မြန်မာနိုင်ငံအနောက်ပိုင်းလမ်းပန်းခက်ခဲပြီး အရောက်အပေါက်နည်းသည့်အပိုင်းတွင်ရှိသည်။ အခြေခံအဆောက်အအုံများသည်လည်း အလွန်တရာနိမ့်ကျပြီး လမ်းများမှာ ပြည့်ပြည့်ဝဝခင်းထားခြင်းမရှိသည့်အတွက် သွားလာရခက်ခဲသည်။ ချင်းပြည်နယ်တောင်ပိုင်းရှိပလက်ဝမြို့နယ်သည် မြန်မာနိုင်ငံတစ်ခုလုံးတွင်အဆင်းရဲဆုံးနေရာထဲမှ တစ်ခုဖြစ်သည်။ [1]ဧပြီ၂၀၁၅မှ စပြီး မတ္တူပီမှ ပလက်ဝသို့ တောလမ်းအတိုင်း ဂျစ်ကားဖြင့် သွားရောက်နိုင်သည်။ ထိုလမ်းမှာမုတ်သုံရာသီတွင်သုံး၍မရပါ။ ပလက်ဝမြို့နယ်သို့သွားသည့် အဓိကလမ်းမှာ ရခိုင်ပြည်နယ်၊ကျောက်တော်မှ ကုလားတန်မြစ်အဆန်လမ်းဖြစ်သည်။ ပလက်ဝမြို့နယ်တွင်းရှိ ရွာအများစသို့ မြစ်ငယ်ခွဲများမှ တဆင့်သွားနိုင်ပြီး တခါတရံခြေကျင်လမ်းများလည်းရှိသည်။ ဒေသခံများ၏ အဓိက သွားလာရေးနည်းလမ်းမှာ မော်တာတပ်လှေငယ်များဖြစ်သည်။ ချင်းပြည်နယ်တွင်၊ အထူးသဖြင့် ပလက်ဝမြို့နယ်တွင်အဓိကကျသော အခြေခံအဆောက်အအုံမရှိခြင်းကြောင့် သတင်းအချက်အလက်များကို အချိန်မှီစုဆောင်းနိုင်ရန်ခက်ခဲစေသည်။ အကျိုးဆက်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုအများစုကို လုံးဝမှတ်တမ်းမတင်နိုင်ခြင်းမဟုတ်လျှင်ပင် ရက်များ သို့မဟုတ် ရက်သတ္တပတ်များကြာမှ မှတ်တမ်းတင်နိုင်သည်။

ထို့အပြင် ချင်းပြည်နယ်တွင် စစ်အခြေစိုက်စခန်းများနေသည်။ လက်ရှိတွင် ချင်းပြည်နယ်၌ မြန်မာ့တပ်မတော်စစ်စခန်း ၅၄ခုရှိပြီး ထိုစခန်းများအနက်မှ ၂ဝမှာ ပလက်ဝမြို့နယ်တွင်တည်ရှိသည်။ CHRO၏ ကွင်းဆင်းဝန်ထမ်းများအဖွဲ့ငယ်၏ လုံခြုံရေးပြဿနာမှာလည်း အမြဲရှိခဲ့သည်။ အကြောင်းမှာ သူတို့၏ လုပ်ငန်းသဘောအရ လူ့အခွင့်အရေး အခြေအနေများကို မှတ်တမ်းတင်လုပ်ကိုင်စဉ်တွင် အာဏာပိုင်များ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံရနိုင်သည့်အတွက်ဖြစ်သည်။

CHROက အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက်(ND-BURMA)မှ ချမှတ်ထားသည့် မှတ်တမ်းတင်ခြင်း လမ်းညွှန်များအတိုင်း CHRO ကွင်းဆင်းဝန်ထမ်းများက သတင်းအချက်အလက်များကို မှတ်တမ်းတင်သည်။[2]ယခုရှင်းလင်းချက်စာတမ်းသည် မေလအတွင်း ဒုက္ခသည်များထံသို့ သွားရောက်စဉ်စုဆောင်းထားသည့် မျက်မြင်သက်သေထွက်ဆိုချက်များကို အခြေခံထားခြင်းဖြစ်သည်။

## နောက်ခံအကြောင်းအရာ

ပျဉ်စိုရွာသည် ခူမီးချင်းဌာနေတိုင်းရင်းသားလူမျိုးများ၏ အိမ်ခြေပေါင်း ၆၂ ခုရှိသည့် ရပ်ရွာတစ်ခုဖြစ်ပြီး ပလက်ဝမြို့မှ လှေဖြင့် တစ်နာရီခွဲအကွာအဝေးနှင့်၊ ရခိုင်ပြည်နယ် ပလက်ဝ နှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ် လမ်းပန်းအဆက်အသွယ်ခက်ခဲ့သည့်နေရာတွင်တည်ရှိသည်။ ထိုဒေသရှိ ရွာသူရွာသားများသည် ပဋိပက္ခ၏ ဒဏ်ကို နှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ရသည်။ ပျဉ်စိုရွာသားများက ရခိုင်လွတ်မြောက်ရေးတပ်ဖွဲ့နှင့် ရက္ခိုင့်တပ်မတော် နှစ်ရပ်လုံးသည် ထိုဒေသတွင် လှုပ်ရှားမှုများရှိနေသည်မှာ အချိန်တော်ကြာခဲ့ပြီဟု ဆိုကြသည်။ ယခင်က ALP မှ အိမ်တစ်အိမ် လေးထောင်ကျပ်နှုန်းဖြင့် ဆက်ကြေးကောက်ခံခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲများမတိုင်မီတွင် ALP သည် မြန်မာ့တပ်မတော် ခလရ၂၃၄ နှင့် တိုက်ပွဲများ၊ ရွေးကောက်ပွဲနောက်ပိုင်းတွင် ခလရ ၂၆၃တို့နှင့် တိုက်ပွဲများတွင် ပါဝင်မှုရှိခဲ့သည်။ ထိုအချိန်က ရွာသားများကို ထိခိုက်ခြင်းမရှိခဲ့ပါ။

မြန်မာ့တပ်မတော်စစ်သားများသည် ပျဉ်စိုရွာတွင် တပ်စခန်းချထားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဗိုလ်ကြီး ကျော်ထက်အောင် ခေါင်းဆောင်သည့် စစ်သားရှစ်ယောက်ရှိ တပ်စိပ်သည်ရွာအစွန်တွင် စခန်းချထားသည်။ သို့သော် ပျဉ်စိုရွာရှိ မူလတန်းကျောင်းအနီးတွင် ရံဖန်ရံခါရှိနေပြီး ရွာသားများထံမှာ အစားအသောက်များ ဆက်ကြေးကောက်ယူခြင်း၊ ရွာသို့ရက္ခိုင့်တပ်မတော် သို့မဟုတ် ရခိုင်လွတ်မြောက်ရေးတပ်မတော် လာရောက်မှုရှိမရှိကို သတင်းရယူသည်။

မတ်လ (၈) ရက်နေ့၊ ညနေခြောက်နာရီတွင် ရက္ခိုင့်တပ်မတော်နည်းဗျူဟာတပ်စိပ်အမှတ်၅မှ လက်နက်ကိုင် တပ်သားလေးဆယ် ရွာသို့လာရာလမ်းတွင် ခူမီးချင်းအမျိုးသား တံငါသည်သုံးဦးနှင့် သစ်ခုတ်သမားငါးဦး စုစုပေါင်းရှစ်ဦးတို့ကို ဖမ်းဆီးခဲ့သည်။ တံငါသည်အမျိုးသားနစ်ယောက်မှာ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ပြီး တိုက်ခိုက်ရန်ချီတက်လာသည့်အကြောင်းကို ရွာသားများအား သတိပေးနိုင်ခဲ့သည်။

မြန်မာ့ တပ်မတော်မှ တပ်သားများသည်လည်း ချီတက်လာခြင်းကို တစ်ချိန်တည်းမှာပင်သိရှိသွားခဲ့သည်။ ရွာတစ်ပိုက်တွင်နေရာယူထားခဲ့ကြသည်။ ရွာသားအများစုသည် ပြည်ချောင်းအနီးတွင် သွားရောက်ပုန်းအောင်းခဲ့ပြီး အချို့မှာသူတို့အိမ်တွင်နေရစ်ခဲ့ကြသည်။ တိုက်ခိုက်မှုမှာ ညပိုင်းနှင့် နောက်နေ့မနက်တွင်တစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ပစ်ခတ်မှုများဖြစ်ပွားရာတွင် ရက္ခိုင့်တပ်မတော်၏ပစ်ခတ်မှုကြောင့် မြန်မာတပ်မတော်ဗိုလ်ကြီး ကျော်ထက်အောင် သေဆုံးခဲ့ပြီး၊ တပ်သားတစ်ယောက်မှာ ဒဏ်ရာရကာ တောထဲသို့ထွက်ပြေးလွတ်မြောက်သွားသည်။ ရက္ခိုင့်တပ်မတော်က မြန်မာ့တပ်မတော် တပ်သားနစ်ယောက်ကို ဖမ်းဆီးခဲ့ပြီး ကျန်တပ်သားလေးယောက်မှ ပလက်ဝရှိသူတို့၏ ဌာနာချုပ်များရှိရာသို့ထွက်ပြေးသွားကြသည်။ ရက္ခိုင့်တပ်မတော်က ရွာကို ပိုင်ပိုင်နိုင်နိုင်သိမ်းပိုက်လိုက်သည်။ မြန်မာ့တပ်မတော်က နီးစပ်ရာစခန်းများမှ စစ်ကူများပို့ပေးသော်လည်း သူတို့မှာ အရောက်နောက်ကျသွားခဲ့သည်။

ရွာမူလတန်းကျောင်း၊ ဆရာ၊ဆရာမများအဆောင်နှင့် အခြားအိမ်နစ်လုံးမှာ တိုက်ပွဲအတွင်းပျက်ဆီးခဲ့သည်။ အမိုးများမှာ ဆိုးရွားစွာပျက်ဆီးခဲ့ပြီး ပစ္စည်းအသုံးအဆောင်များမှာ ကျည်ဆံရာဗရပွဖြစ်ကုန်သည်။ ပျဉ်စိုရွာသားများအားလုံးမှာ ထွက်ပြေးခဲ့ကြပြီး ကြွေသောင်း ရွာစုရှိ လင်းတောင်ရွာတွင်ခိုလှုံလျက်ရှိကြသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ

*ကလေးစစ်သားစုဆောင်းမှုနှင့် အတင်းအကျပ်တပ်သားစုဆောင်းမှု*

သူတို ့၏ မိသားစုဝင်များအား မြန်မာ့တပ်မတော်အတွင်းသို့အတင်းအကျပ်တပ်သားစုဆောင်းခံခဲ့ရကြောင်း မိသားစုသုံးစုက CHRO သို့ပြောဆိုခဲ့သည်။ နေလထွန်း ( အသက် ၁၅နှစ်) ၊ ဂင်းနိုင် ( အသက် ၁၇) နှင့် အိမ်ဂါဖြူ (ခ) အိမ်ဂါအောင် ( အသက် ၂၁) တို ့သည် ၆ တန်း၊ ၇ တန်းနှင့် ၈ တန်း ကျောင်းသားများ အသီးသီးဖြစ်ကြပြီး ပလက်ဝမြို့နယ် ဘွမ်ကူးရွာတွင် မတ်လ ၁ဂ ရက်နေ ့က နေထိုင်လျက်ရှိကြသည်။ နေထိုင်နေစဉ်အတွင်း စစ်တွေရှိ ခြေလျင်တပ်ရင်း ၂ဂမှ အရာခံဗိုလ် ရွှေကျော်ဦးနှင့် ၎င်း၏ ဇနီး ဒေါ်သဇင်တို့သည် ကောင်လေးနစ်ယောက်နှင့် အသက်၂၁အရွယ်ကောင်လေးတို့ကို ပလက်ဝမြို့သို့လိုက်ရန် လှည့်ဖျားခေါ်ယူခဲ့သည်။ အရာခံဗိုလ်နှင့် သူ၏ ဇနီးက လူငယ်များအား ကားမောင်းသင်ပေးမည်၊ ကွန်ပြူတာသင်ပေးမည်၊ ပိုက်ဆံအများကြီး ရှာနိုင်မည်ဟု ပြောဆိုခဲ့သည်။

ရွှေကျော်ဦးသည် ခြေလျှင်တပ်ရင်း ၂၈၉ တွင် နေထိုင်ပြီး ယင်း၏ ဇနီး ဒေါ်သဇင်မှာ မြို့ထဲတွင်ပင်နေထိုင်လျက်ရှိသည်။ ခြောက်တန်း၊ ဂုတန်းနှင့်ရှစ်တန်းတက်နေသည့် ကျောင်းသားသုံးယောက်သည် တပ်ထဲသို့ အတင်းအကျပ်သွတ်သွင်းခံရမည်ကိုသိသောအခါ ဘွမ်ကူးရွာသို့ပြန်ပြေးလာခဲ့ကြသည်။ ထိုနေ့မှာပင် ရွှေကျော်ဦးနှင့် ဒေါ်သဇင်တို့က မော်တော်ဆိုင်ကယ်ဖြင့် နောက်မှ လိုက်ဖမ်းကြပြီး ကလေးများ ဦးအောင်စိုင်းအိမ်တွင်ရှိနေစဉ်မိသွားခဲ့သည်။ ကလေးများကိုသူတို့ အိမ်သို့ခေါ်ယူထားသည်ဟုအောင်စိုင်းနှင့် သူ့ဇနီးကို စွပ်စွဲပြီး ရွှေကျော်ဦးမှ ရိုက်နှက် ကန်ကျောက်ခဲ့သည်။

ရခိုင်ပြည်နယ်စစ်တွေရှိ ခြေလျင်တပ်ရင်း ၂၀၈၏ တပ်သားစုဆောင်းရေးဌာနသို့ ကလေးများကို ရွှေကျော်ဦးနှင့် သဇင်တို့က ခေါ်ယူသွားခဲ့ပြီး မိမိတို့သဘောနှင့် မိမိ စစ်တပ်ထဲဝင်ချင်၍လာကြောင်းပြောရန် ကြိမ်းမောင်းထားသည်။

မတ်လ ၂၈ ရက်နေ့တွင် ရွှေကျော်ဦးနှင့်သဇင်တို့၏ အိမ်သို့ ဝင်းနိုင် အသက်၁၇နှစ်နှင့် နေလထွန်း (ခ) နီလာထွန်း အသက်၁၅နှစ်တို့၏ မိဘများသွားရောက်ခဲ့ကြသည်။ အစပိုင်းတွင် ထိုလင်မယားက ကလေးများကိုပြန်မပေးဘဲ ကလေးတစ်ယောက်ကို လွှတ်ပေးရန် သုံးသိန်းခွဲပေးရန် ငွေညှစ်ခဲ့သည်။ ကလေးစစ်သားများစုဆောင်းသည့်အတွက် ၎င်းတို့အား တရားစွဲဆိုနိုင်ကြောင်းမိဘများက ပြန်လည်ခြိမ်းခြောက်သောအခါမှ လက်လျှော့ပြီး ပြန်လည်လွှတ်ပေးလိုက်သည်။[3]

အိမ်ဂါဖြူ ခေါ် အိမ်ဂါအောင်၏အကိုဖြစ်သူ ဦးဆန်နီအောင်သည် ရွှေကျော်ဦး၏ အိပ်သို့ပြေီတစ်ရက်နေ့တွင် သူ့ညီအတွက်စုံစမ်းရန်သွားရောက်ခဲ့သည်။ ရွှေကျော်ဦးက ၎င်းအား သုံးသိန်းခွဲပေးရင်ခင်ဗျားညီကို ချက်ချင်းပြန်ထည့်ပေးလိုက်မယ် ဟုပြောသည်။ ကျွန်တော့်ညီကို မတွေ့ဘဲနဲ့ပိုက်ဆံမပေးနိုင်ပါဘူးဟု တုံ့ပြန်ခဲ့သည်။ ထိုသို့ဖြေသည်ကို ဒေါသထွက်ပြီး ယင်းအားမျက်နှာကို ဒူးဖြင့်တိုက်ခဲ့ရာ ဦးဆန်နီအောင်၏ ပါးစပ်တွင် ဒဏ်ရာများရရှိခဲ့သည်။

အိမ်ဂါဖြူ (ခ) အိမ်ဂါအောင် အသက် ၂၁မှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး ရွှေကျော်ဦးနှင့် သဇင်တို့၏ အတင်းအကျပ်တပ်သားစုဆောင်းခြင်းခံခဲ့ရခြင်းဖြစ်နိုင်သည်။ [4]ယင်းတို့၏ မိသားစုများက ပလက်ဝမြို့နယ်ရဲစခန်းသို့တိုင်ကြားခဲ့ပြီး ရဲများကို ထိုဇနီးမောင်နှံအား လိုအပ်သလိုအရေးယူဆောင်ရွက်ရန်ရဲများကို ပြောဆိုခဲ့သည်။ ရဲများကမည်သို့အရေးယူဆောင်ရွက်ခဲ့သည်မှာ မရှင်းလင်းပေ။

**ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် နှိပ်စက်ညှဥ်းပန်းခြင်း**

မတ်လ ၂၈ရက်နေ့ညနေခြောက်နာရီ ခူမီးချင်းအမျိုးသားရှစ်ယောက်ကို ရက္ခိုင့်တပ်မတော်မှ တပ်သားများက ပျဉ်စိုရွာအနီး တောအုပ်တွင် ဖမ်းဆီးခဲ့သော်လည်း နှစ်ယောက်မှာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ယင်းတို့အား ရခိုင်တပ်မတော်မှတပ်သား၂၀တို့က စောင့်ကြပ်ခဲ့သည်။ ရခိုင်တပ်မတော်စစ်သားများက "ခင်ဗျားတို့က တပ်မတော် (ဗမာစစ်သားတွေ) ကိုလက်ခံတယ်။ သူတို့ကို ကျွေးမွေးထားတယ်။ ကောင်းကောင်းမွန်မွန်ဆက်ဆံကြတယ်။ ဒီလို နောက်တစ်ခါလုပ်အုံးမယ်ဆိုရင်တော့ ခဗျားတို့ရွာမှာ တိုက်ပွဲထပ်ဖြစ်အုံးမှာပဲ" ဟု ပြောဆိုခဲ့ကြောင်းသိရသည်။ သူတို့အားဖမ်းဆီးထားချိန်တွင် ကန်ကျောက်ခြင်းခံခဲ့ရပြီး ကံကောင်းစွာပင် မည်သူမျှဒဏ်ရာမရခဲ့ကြပေ။ ရခိုင်တပ်မတော်နှင့် မြန်မာတပ်မတော်တို့သည် ညသန်းခေါင်ခန့်တွင်တိုက်ပွဲဖြစ်ပွားကြပြီး တစ်နာရီခန့်ကြာမြင့်ခဲ့သည်။ ပစ်ခတ်နေစဉ်တွင် ဖမ်းဆီးခံရသူခြောက်ဦးသည် ဖမ်းဆီးထားရာမှ လွတ်မြောက်ခဲ့သည်။

**အတင်းအဓမ္မခိုင်းစေခြင်း**

မတ်လ၊၂၉ရက်၊ မနက် ရနာရီတွင် တိုက်ပွဲထပ်မံဖြစ်ပွားပြီး မြန်မာ့တပ်မတော်မှ ဗိုလ်ကြီးကျော်ထက်အောင်သေဆုံးခဲ့သည်။ ရွာကိုသိမ်းပိုက်ပြီးသောအခါတွင် ရက္ခိုင့်တပ်မတော်က ရွာသားများကို မြေကျင်းတူးခိုင်းပြီး မြန်မာ့တပ်မတော်ဗိုလ်ကြီး၏ အလောင်းကို မြုပ်နှံရန်ခိုင်းစေခဲ့သည်။ ချမီးချင်းအမျိုးသား ဆယ်ယောက်ကို ရခိုင်တပ်မတော်မှ မနက်ကိုးနာရီတွင် ထပ်မံဖမ်းဆီးခဲ့သည်။ ရက္ခိုင့်တပ်မတော်က သူတို့၏ ဂန်ထုပ်ဂန်ပိုးများကို ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ သယ်ဆောင်ပေးရန် ထိုလူများကို အတင်းအကျပ်ခိုင်းစေခဲ့ပြီး နှစ်နာရီခွဲခန့်ကြာမှ ပြန်လွှတ်ပေးခဲ့သည်။

**တရားမဝင်ဖမ်းဆီးခြင်း**

ပျဉ်စိုရွာသား အသက်၃၀ အရွယ် ချမီးချင်းလူမျိုး လင်မင်း ခေါ် လျန်မန်းသည် မတ်လတ်၂၈ ညနေခင်း ငါးနာရီခန့်တွင် အမဲလိုက်ရန်အိမ်မှ ထွက်သွားကြောင်း ဒုက္ခသည်များက CHRO သို့ပြောပြကြသည်။ ယင်း၏ အမဲလိုက်နေကျနေရာမှာ တိရိစ္ဆာန်များလာရောက်စားသောက်ကြသည့် အသီးပင်တစ်ပင်နားတွင်ဖြစ်ပြီး ထိုနေ့ညနေနှောင်းပိုင်းက ရခိုင်တပ်မတော်မှ ချမီးချင်းအမျိုးသားများကို ဖမ်းဆီခဲ့သည့် နေရာတွင်ပင်ဖြစ်သည်။ လင်မင်း ခေါ် လျန်မန်းသည် ထိုညက အိမ်သို့ ပြန်မရောက်လာခဲ့ဘဲ ယခုအထိ မြင်တွေ့ရခြင်းမရှိတော့ပေ။ လင်မင်း (ခ) လျန်မန်းသည် အခြားလူများဖမ်းဆီးခံရသည့် နေရာတစ်ပိုက်တွင် အမဲလိုက်နေသည့် အချက်ကို ထောက်လျင် သူ့အား ရခိုင်တပ်မတော်မှ လမ်းပြ ( သို့ ) အထမ်းသမားအဖြစ် သုံးရန် ခေါ်ဆောင်သွားခြင်းသော်လည်းကောင်း၊ သတ်ဖြတ်ခဲ့ခြင်းသော်လည်းကောင်းဖြစ်နိုင်သည်ဟု CHRO က ယူဆသည်။ လင်မင်း (ခ) လျန်မန်းသည် အိမ်ထောင်သည်ဖြစ်ပြီး အသက်ငါးနှစ် နှင့် ဆယ့်ငါးလသမီးအရွယ် သမီးနှစ်ယောက်ရှိသည်။ သူ့ဇနီးနှင့်ကလေးများသည် ဒုက္ခသည်များထဲတွင်ရှိနေသည်။

**လူကိုအဓိကထိခိုက်စေသည့် မြေမြှုပ်မိုင်းများထောင်ခြင်း**

ရခိုင်တပ်မတော်နှင့် မြန်မာ့တပ်မတော် ခြေလျင်တပ်ရင်း၂၈၉မှ တပ်သားများသည် ရွာအနီးတွင် မြေမြှုပ်မိုင်းများ ထောင်နေကြသည်ကို မြင်ခဲ့ကြောင်း ပျဉ်စိုရွာသားများက ပြောပြကြသည်။ ခြေလျင်တပ်ရင်းမှ စစ်သားများက ပြည်ချောင်း၏ ကမ်းပါးတလျောက်တွင် မိုင်းများထောင်ထားသဖြင့် ချောင်းကို မဖြတ်ရန် ရွာသားများကို ပြောထားကြသည်။ ထိုနေရာများသည် ရွာသားများ၏ စိုက်ခင်းများရှိရာနေရာများဖြစ်သည်။

## နိုင်ငံတွင်းရွှေ့ပြောင်းဒုက္ခသည်များ၏ လူသားချင်းစာနာမှု လိုအပ်ချက်များ

မတ်လ (၂၉) ရက်နေ့တွင် ပျဉ်စိုရွာသားများထွက်ပြေးခဲ့ကြသည်။ ၃၀ နှင့် ၃၁ ရက်များ ကျန်ရွာသားများလည်း ထွက်ပြေးခဲ့ကြသည်။ သူတို့သည် နေထိုင်စားသောက်စရာမရှိသည့်အတွက် တစ်နေရာမှ တစ်နေရာသို့ရွှေ့ပြောင်းနေခဲ့ကြသည်။ နောက်ဆုံးတွင် ကြွေသောင်ရွာစုရှိ ထူထပ်သောသစ်တောနှစ်ခုကို ခြေကျင်ခရီးဖြတ်သန်းခဲ့ပြီး လောင်တင်ရွာသို့ ဧပြီလ (၂၇) ရက် တွင် ရောက်ရှိခဲ့ပြီး ထိုနေရာတွင်ပင်နေထိုင်လျက်ရှိသည်။ လောင်တင်ရွာတွင် ပျဉ်စိုရွာမှ ဒုက္ခသည်ပေါင်း ၃၅၆ ယောက်ရှိပြီး ယင်းတို့မှာ အမျိုးသား ၁၀၃ဦး ၊ အမျိုးသမီး ၁၁၂ ဦး၊

ယောကျာ်းလေး ၅၅ဦး၊ အသက်ဆယ့်ရှစ်နှစ်အောက် မိန်းကလေး ၈၆ဦးတို့ဖြစ်သည်။လောင်တင်ရွာသားများ ထိုဒုက္ခသည်များအား လက်ခံထားခဲ့ကြပြီး ကောင်းမွန်စွာ ဆက်ဆံကြသည်။

ဒုက္ခသည်များက ကျုပ်တို့အရမ်းကြောက်တယ်။ ရွာကိုပြန်မသွားချင်ဘူး။ မိုင်းတွေလည်း ထောင်ထားတယ်။ ဘယ်နေရာတွေမှာ ထောင်ထားမှန်းလည်းမသိဘူး ဟု ပြောသည်။ နောက်တစ်ကြိမ်တိုက်ပွဲဖြစ်ပွားမည်ကိုလည်း သူတို့ကြောက်လန့်နေကြပြီး သူတို့၏ လုံခြုံရေးအတွက်အာမခံချက်မရှိကြောင်းကိုလည်းသိရှိကြသည်။ ဒေသခံများ၏ ပြောပြချက်အရ မတ်လ ၂၈ရက်နေ့က စတင်ပစ်ခတ်မှုအပြီးတွင် ဧပြီလ (၁၀) ရက်နှင့် (၁၅) ရက်တွင် ပျဉ်စိုရွာအနီးတွင် ပစ်ခတ်မှုများထပ်မံဖြစ်ပွားခဲ့သည်။ ဒုက္ခသည်များသည် သူတို့၏ လယ်ယာလုပ်ငန်းကိုပြန်လည် လုပ်ကိုင်လိုကြပြီး စိုက်ပျိုးမှုမရှိဘဲ မည်သို့စားသောက်နေထိုင်ရမည်ကို စိတ်ပူပန်လျက်ရှိသည်။

အချို့သော ဒုက္ခသည်များသည် ဂမ်းပျက်ဂမ်းလျှောနှင့် ငှက်ဖျားဖြစ်လျက်ရှိပြီး ခုနစ်ဦးကို နေရာအသီးသီးတွင် ဆေးရုံတင်ခဲ့ရသည်။ သူတို့ချက်ချင်းလိုအပ်နေသည်များမှာ လကုန်အထိလုံလောက်အောင်မရှိတော့သည့်အတွက် အစားအသောက်အထောက်အပံ့များ၊ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များ၏ အကူအညီ၊ ဆေးဝါး၊ ပိုမိုများပြားသည့်အိမ်သာအသစ်များနှင့် အမိုးအကာ ( တာပေါ်လင်စများ စသည်) တို့ဖြစ်သည်။ ရေရှည်တွင် အိမ်ကောင်းကောင်းမွန်မွန်ဆောက်ရန် ဆောက်လုပ်ရေးပစ္စည်းများ၊ သူတို့၏ အသက်မွေးဂမ်းကြောင်းနှင့် ကလေးများပညာရေးအတွက် အထောက်အပံများလိုအပ်သည်။ ဒုက္ခသည်များက အိမ်သာ ၅ လုံးဆောက်ထားပြီး အိမ်သာငါးလုံးကို လူ ၃၅၆ ယောက်သုံးရသည့်အတွက်လုံလောက်မှုမရှိပေ။ ဂါးများဖြင့်ကျောင်းဆောင်တစ်ဆောင်လည်း ဆောက်လုပ်ထားပြီး ဖြစ်သော်လည်း သင်ကြားမည့်သူမရှိပေ။

ဒေသလူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ခူမီး လူငယ် အဖွဲ့မှ ကိုယ်စားလှယ်များသည် လောင်တင်ရွာရှိ ဒုက္ခသည်များထံသို့ ပုံမှန်သွားရောက်လျက်ရှိနေပြီး အစားအသောက်နှင့် အခြားပစ္စည်းများကို လှူဒါန်းကြသည်။ အစပိုင်း အထောက်အပံ့များပေးသောအခါတွင် သွားရောက်ရန် ခလရ ၂၈၉ တပ်ရင်းနှင့် ညှိနှိုင်းရပြီး ထိုတပ်ရင်းမှ တပ်သားများက လှူဒါန်းရာတွင် အတူလိုက်ပါခဲ့သည်။ သို့သော် နောက်ပိုင်းတွင် သွားရောက်ရန် အကန့်အသတ်များမရှိတော့ပေ။ ခူမီးလူငယ် ကိုယ်စားလှယ်များ လှူဒါန်းကူညီမှုပြုလုပ်ရာတွင် တိုက်ရိုက်ခြိမ်းခြောက်ခြင်း (သို့)ခြောက်လှန့်ခြင်းမျိုးလုံးဂ မကြုံခဲ့ရပါ။

UNICEF မှ လှူဒါန်းထားသည့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဌာနမှ မိသားစုအသုံးအဆောင်ပစ္စည်းများကို စစ်တပ်ကဖြန့်ဝေပေးခဲ့သည်။ ကုလအေဂျင်စီများ ဖြစ်ကြသည့် OCHA, UNICEF နှင့် UNHCR တို့က အကဲဖြတ်သုံးသပ်သည့် အစီအစဉ်တစ်ခုကို ခူမီးလူငယ်အဖွဲ့ အကူအညီဖြင့် မေလ ၇-၈ ကလုပ်ဆောင်ခဲ့ကြသည်။ သို့သော် နောက်ဆက်တွဲ လုပ်ငန်းများလုပ်ဆောင်ရန် အစီအစဉ်ရှိမရှိဆိုသည်မှာ ယခုအချိန်အထိ သေချာခြင်းမရှိသေးပေ။

**မြန်မာ့တပ်မတော်၊ ချင်းပြည်နယ်အစိုးရ နှင့် ဒေသအာဏာပိုင်များ၏ တုံ့ပြန်မှုများ**

ခလရ ၂၈၉ မှ ဗျူဟာမှူး သက်နိုင်က ရွာသားများကို ပျဉ်စိုရွာသို့ ပြန်သွားရန် မေလ ၂၃ရက်နေ့က ညွှန်ကြားခဲ့သည်။ သူက ရွာသားများအား အတင်းအကျပ်ပြန်ခိုင်းတာမဟုတ်ကြောင်းပြောခဲ့သည်။ သို့သော် သူက ရွာသားများအား သူတို့၏ အိမ်များ၊ ပစ္စည်းဥစ္စာများနှင့် မွေးမြူထားသည့် တိရိစ္ဆာန်များမှာ သူတို့မရှိလျှင် ပျက်ဆီးဆုံးရှုံးနိုင်သဖြင့် ပြန်လည်စောင့်ရှောက်ရန်တိုက်တွန်းခဲ့သည်။

မေလ ၉ ရက်တွင် ပလက်ဝနယ်မှ ခူမီးချင်းတစ်ဦးဖြစ်သူ ချင်းပြည်နယ်သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးကျော်ငြိမ်းနှင့် ပလက်ဝမြို့နယ်အုပ်ချုပ်ရေးမှူးဦးဟန်ဝင်းအောင်တို့ ပလက်ဝမြို့နယ်အုပ်ချုပ်ရေးရုံးခန်းတွင် အစည်းအဝေးပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် ခူမီးလူငယ်အဖွဲ့မှ သုံးဦး၊ ပျဉ်စိုရွာ ဒုက္ခသည်များထဲမှ ၇ ဦးတို့တက်ရောက်ခဲ့သည်။ ဝန်ကြီးက ဒုက္ခသည်များအား ထောက်ပံ့ငွေ သိန်းလေးဆယ်ပေးအပ်ပြီး ထပ်မံပေးအပ်ရန် ကတိပေးခဲ့သည်။ တစ်ဘက်ကလည်း သူက ရွာသားများကို ပြန်သွားရန် ဖိအားပေးမည်မဟုတ်ကြောင်းပြောခဲ့ပြီး ငြိမ်းငြိမ်းချမ်းချမ်းပြန်သွားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ အရေးယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ သို့သော် ယနေ့အချိန်အထိ ဒုက္ခသည်များ၏လုံခြုံရေးအတွက် ဘာမှ မလုပ်ဆောင်ရသေးပေ။ ထို့အပြင် ဦးကျော်ငြိမ်းက ရွာသို့မကြာမီပြန်သွားရန် တိုက်တွန်းခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးအရာရှိ ဦးဟန်ဝင်းအောင်ကလည်း " မင်းတို့ မြန်မြန်မပြန်ရင် မင်းတို့ ရွာတွေကို ကြွေသောင်ရွာစုထဲက ပယ်ဖျက်သွားလိမ့်မယ်၊ ပြည်ထဲရေးနဲ့လဝကဌာနတွေက မှတ်ပုံတင်လုပ်တာတွေ အိမ်ထောင်စုစာရင်းလုပ်တွေမှာ ပြဿနာတက်လိမ့်မယ်" ဟု ဒုက္ခသည်များအားပြောခဲ့သည်။ သူက ရွာသားများအား ရွေးကောက်ပွဲနီးလာပြီဖြစ်သဖြင့် မှတ်ပုံတင်ကိစ္စ၊ အိမ်ထောင်စုစာရင်းကိစ္စများမှာ တကယ့်ပြဿနာဖြစ်သည်ဟု သတိပေးခဲ့သည်။ ထိုကဲ့သို့ခြိမ်းခြောက်ပြောဆိုမှုများသည် နိုင်ငံတွင်းရွှေ့ပြောင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်စည်းမျဉ်းများတွင်ပါဝင်သည့်အချက်များ အပါအဝင် နိုင်ငံတကာစံနှုန်းများနှင့် ဆန့်ကျင်လျက်ရှိသည်။ [5]

မေလ ၁၂ ရက်တွင် ဒုက္ခသည်များက မြို့နယ်အုပ်ချုပ်ရေးအရာရှိထံသို့ သူတို့အား စခန်းတွင် ဆက်လက်နေခွင့်ပေးပါရန် အသနားခံသည့် စာတစ်စောင်ရေးသားပေးပို့ခဲ့သည်။ သို့သော် တရားဝင်အကြောင်းပြန်မှုတစ်စုံတစ်ရာယနေ့အထိမရှိခဲ့ပေ။

မေလ ၂၇ ရက်နေ့တွင် မြို့နယ်ပညာရေးမှူး ဒေါ်ဖဲရီဦးဆောင်သည့် အဖွဲ့သည် ဒုမြို့နယ်ပညာရေးမှူးသုံးယောက်နှင့် အထွေထွေအုပ်ချုပ်ရေးဌာနမှ ဝန်ထမ်းတစ်ယောက်တို့နှင့်အတူ စခန်းများသို့လာရောက်ခဲ့ပြီး ကျောင်းဆောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုအဖွဲ့က ကျောင်းကိုအမြန်ပြီးအောင်ဆောက်လုပ်ရန် ရွာသားများအားပြောခဲ့သူလည်း အကူအညီပေးရန်ကတိမပေးခဲ့ပေ။

ယနေ့အချိန်အထိ အတင်းအကျပ် ပြန်သွားခိုင်းခြင်းမရှိပါ။ သို့သော် ဒုက္ခသည်များသည် ရွာကို ပြန်သွားရန် ဆက်လက်ပြီး ဖိအားနှင့် ရင်ဆိုင်ရလျက်ရှိသည်။

**နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေ**

လူပုဂ္ဂိုလ်၏အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံရေးရရှိခွင့်၊ နှိပ်စက်မှုနှင့် အခြားလူမဆန်သော (သို့) ဆိုးရွားစွာဆက်ဆံမှု (သို့) အပြစ်ပေးမှု၊ နှင့် ကျွန်ပြုခံရခြင်း (သို့) ကျွန်အဖြစ်အဓမ္မသွတ်သွင်းခံရခြင်းမှ လွတ်လပ်ခွင့်တို့သည် ချန်လှပ်၍မဖြစ်နိုင်သော အခွင့်အရေးများဖြစ်ပြီး နိုင်ငံတကာဥပဒေထုံးတမ်းတို့၏ စံနှုန်းများဖြစ်သည်။ နိုင်ငံတော်သည် ထိုအခွင့်အရေးများကို အားပေးထောက်ခံရန်အဓိကတာဝန်ရှိသူဖြစ်သည်။ ထို့ကြောင့် တရားမဝင်ဖမ်းဆီးချုပ်နှောင်မှုစွဲချက်များကို စုံစမ်းစစ်ဆေးရန် နှင့် အခြားနိုင်ငံတော်မဟုတ်သည့် အခြားကျူးလွန်သူများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း စုံစမ်းရန် နိုင်ငံတော်တွင် အဓိကဝတ္တရားရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ အစည်း ပဋိညာဉ် ၂၉ အရ အတင်းအကျပ်စေခိုင်းမှုများကို ရပ်တန့်ရန်ဝတ္တရားရှိပြီး ၂၀၁၅ အကုန်တွင် ရပ်တန့်အောင်လုပ်ဆောင်မည်ဟု ကတိကဝတ်ပြုထားသည်။ ထိုအချက်တွင် စစ်တပ်သို့ အတင်းအကျပ်တပ်သားစုဆောင်းမှုလည်းပါဝင်သည်။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးသဘောတူပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ကလေးသူငယ်များအခွင့်အရေးကုလသမဂ္ဂကြေငြာစာတမ်း ပုဒ်မ ၃၈အရ ၁၅ နှစ်အောက်ကလေးငယ်များကို စစ်သားစုဆောင်းခြင်းကို တားမြစ်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ သန္နိဋ္ဌာန် ၁၆၁၂ အရ ကလေးစစ်သားစုဆောင်းခြင်းနှင့်အသုံးပြုခြင်းကို ရပ်တန့်ရန် မြန်မာနိုင်ငံတွင် လိုက်နာရန်ဝတ္တရားရှိသည်။ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်နည်းဥပဒေ ကာကွယ်ရေးတပ်ဖွဲ့များ ဆိုင်ရာ လူပုဂ္ဂိုလ်များ အက်ဥပဒေအရ အသက် ၁၈ နှစ်အောက်ကလေးများကို စစ်သားစုဆောင်းခွင့်ကို ပိတ်ပင်ထားသည်။

နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေများအရ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့အားလုံးသည် အရပ်သားပြည်သူများကို ကာကွယ်ရန် တရားဥပဒေအရ လိုက်နာရမည့်ဝတ္တရားရှိသည်။ နိုင်ငံတော်၏ လက်နက်ကိုင်တပ်ဖွဲ့များမဟုတ် သည့် ရခိုင်တပ်မတော်ကဲ့သို့သော တပ်ဖွဲ့များအပါအဝင် လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သည့် တပ်ဖွဲ့အားလုံးသည် နိုင်ငံတကာလူသားခြင်းစာနာမှုထုံးတမ်းဥပဒေ၏ စည်းမျဉ်းများကို လိုက်နရမည်။ [6]

အကြောင်းမဲ့ဖမ်းဆီးခြင်း၊ အတင်းအကျပ်ခိုင်းစေအလွဲသုံးစားလုပ်ခြင်း၊ အကျပ်ကိုင်ဖုန်းကွယ်ထားခြင်းတို့သည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေအောက်တွင် ဖော်ပြတားမြစ်ထားသည်။ [7]လက်နက်ကိုင်ပဋိပက္ခတစ်ခု၏ ပယောဂကြောင့် ပျောက်ဆုံးနေသည်ဟု သတင်းပေးလာသောသူများအတွက် ပျောက်ဆုံးရသည့်အကြောင်းရင်းကိုရှင်းပြရန်နှင့် သူတို့၏ မိသားစုများအား သူတို့၏ အခြေအနေကိုသတင်းပေးရန်အတွက် လက်တွေ့လုပ်ဆောင်ရန်ဖြစ်နိုင်သောဆောင်ရွက်ချက်များအားလုံးကိုစစ်ပွဲတွင်ပါဝင်ခဲ့သည့်အဖွဲ့တိုင်းမှ လုပ်ဆောင်ရမည်။ မိသားစုဘဝကို လေးစားမှုရှိရန် ပြဋ္ဌာန်းတောင်းဆိုထားသည့် နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေစည်းမျဉ်းများဖြင့် အကျပ်ကိုင် ဖျောက်ဖျက်ထားမှုအား ရပ်တန့်ခြင်းကို ရှုမြင်သင့်သည်။ [8]

မြေမြှုပ်မိုင်းများကိုသုံးစွဲသည့်အခါတွင် မည်သူ့ကိုမဆိုထိခိုက်ခြင်းမျိုးနည်းအောင် ဂရုတစိုက်လုပ်ကိုင်ရမည်ဟု နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေက ဆိုသည်။ [9]ရွာအနီးအနားတွင် လူကို အဓိကထိခိုက်စေသည့် မြေမြှုပ်မိုင်းများကို ထောင်ထားခြင်းသည် အရပ်သားများကိုပါ ရောပြီးထိခိုက်စေနိုင်ပါသည်။ မြန်မာနိုင်ငံသည် လူကိုအဓိကထိခိုက်စေသည့်

မြေမြုပ်မိုင်းများ အသုံးပြုခြင်း၊ သိုလှောင်ထားခြင်း၊ ထုတ်လုပ်ခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် ယင်းတို့၏ ဖျက်ဆီးမှုများကို တားမြစ်သည့် ၁၉၉၇ ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးရန်လိုအပ်သည်။

*နိုင်ငံတွင်း ရွှေ့ပြောင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်ချက်စည်းမျဉ်းများ*[10]က ရွှေ့ပြောင်းတိမ်းရှောင်နေစဉ်၊ မူလနေရာသို့ပြန်စဉ် (သို့) ပြန်လည်အခြေချစဉ်နှင့်ပြန်လည်ပေါင်းစည်းစဉ်တွင်တိမ်းရှောင်ဒုက္ခသည်များအား ကာကွယ်မှုနှင့် အထောက်အပံ့ များပေးရန်အတွက် အခွင့်အရေးနှင့်အာမခံချက်များကို ဖော်ပြထားသည်။အထူးသဖြင့် စည်းမျဉ်းများက လိုအပ်သောအစားအသောက်နှင့် သောက်ရေ၊ အခြေခံအမိုးအကာနှင့် နေထိုင်ရာ၊ လိုအပ်သော ဆေးဝါးဂန်ဆောင်မှုနှင့် အညစ်အကြေးစွန့်ပစ်ခြင်း စသည်တို့ပါဝင်သည့် လူသားချင်းစာနာမှုအထော်ကအပံများကို ဒုက္ခသည်များအတွက် အထောက်အပံ့ပေးရန် နိုင်ငံတော်အာဏာပိုင်များတွင် တိမ်းရှောင်ဒုက္ခသည်များသည် သူတို့၏ အသက်၊ လုံခြုံမှုနှင့် လွတ်လပ်မှုကို အန္တရာယ်ရှိနိုင်သောနေရာသို့ဖိအားပေးပြန်ပို့ခြင်းမှ ကာကွယ်ပေးရန် အခွင့်အရေးရှိသည်။ သူတို့၏ ပျောက်ဆုံးနေသော ဆွေမျိုးများ၏ အခြေအနေနှင့် မည်သည့်နေရာတွင်ရှိနေသည်ကို သိရှိခွင့်လည်းရှိသည်။ အာဏာပိုင်များအနေဖြင့် စုံစမ်းပေးရန်နှင့် အရင်းနီးဆုံးဆွေးမျိုးထံသို့ သတင်းပေးရန် တာဂန်ရှိသည်။ ထို့အပြင် တိမ်းရှောင်ထွက်ပြေးစဉ်အတွင်း ပျောက်ဆုံးခဲ့သည့် စာရွက်စာတမ်းများကို အစားထိုးခြင်းတွင်ကူညီပေးရန်တွင်လည်း အာဏာပိုင်များတွင် ဂတ္တရားရှိသည်။ ထိုစာရွက်စာတမ်းများကို ပြန်လည်ရရှိရန်အတွက် မူလနေထိုင်ရာသို့ပြန်သွားရမည်ဟု ခိုင်းစေခြင်းမျိုးကဲ့သို့သော ကျိုးကြောင်းမဆီလျော်သည့်အခြေအနေများကို ဖန်တီးခြင်းမရှိရပေ။

---

[1] Paletwa township is the poorest area of Chin State, which in turn is the poorest State in the whole of Burma/Myanmar. 73 percent of people live below the poverty line, according to 2011 UN statistics, compared with a national average of 25 percent. See *Poverty Profile, Integrated Household Living Conditions Survey in Myanmar (2009-2010)*, June 2011, pp.12. The next poorest state is Arakan, at 44 percent.

[2] Seehttp://www.nd-burma.org/documentation/resources.html

[3] Article 38 of the UN Convention on the Rights of the Child, to which Burma is a State party, prohibits the recruitment of children under the age of 15 to the army. Burma's own regulation for the Persons Subject to the Defense Services Act prohibits the recruitment of children under the age of 18 to be soldiers. Burma also has obligations to fulfill under the mechanism in UN Security Council Resolution 1612 on ending the recruitment and use of child soldiers.

[4] Forced recruitment is a form of forced labour, under ILO Convention 29 and Burma's own military instruction 1/131/ye 1 (ka) dated 2 Oct 1997.

[5] Principle 20.2 states, "[T]he authorities concerned shall issue to them all documents necessary for the enjoyment and exercise of their legal rights, such as passports, personal identification documents, birth certificates and marriage certificates. In particular, the authorities shall facilitate the issuance of new documents or the replacement of documents lost in the course of displacement, **without imposing unreasonable conditions, such as requiring the return to one's area of habitual residence in order to obtain these or other required documents."**[emphasis added]. *UN Guiding Principles on Internal Displacement*, 11 February 1998, ref: E/CN.4/1998/53/Add.2.

[6] This obligation is set out in article 3 common to four Geneva Conventions of 1949 (known as Common Article 3), to which all states are parties, including Burma/Myanmar. Common Article 3 states, "In the case of armed conflict not of an international character occurring in the territory of one of the High Contracting Parties, each Party to the conflict shall be bound to apply, as a minimum, the following provisions..." The rules are set out by the International Committee of the Red Cross (ICRC) in Henckaerts & Doswald-Beck, eds., *Customary International Humanitarian Law, Volume I: Rules* (Cambridge: Cambridge Univ. Press 2005).

[7] Rules 95, 98, and 99, ICRC, ibid.

[8] Rule 98, ICRC, pp.340, ibid.

[9] Rule 81, ICRC, ibid.

[10] UN Guiding Principles on Internal Displacement, 11 February 1998, ref: E/CN.4/1998/53/Add.2.